မည်သူမဆို နေမထွက်မီ ဆွလာသ်နှင့် နေမဝင်မီ ဆွလာသ်ကိုဝတ်ပြုပါက ထိုသူသည် ငရဲမီးထဲသို့ လုံးဝဝင်ရမည်

မဟုတ်ပါ။

အဗူဇုဟိုင်းရ် အုမာရဟ် ဗင်န် ရုအိုင်ဘဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ မည်သူမဆို နေမထွက်မီ ဆွလာသ်နှင့် နေမဝင်မီ ဆွလာသ်ကို
ဝတ်ပြုပါက ထိုသူသည် ငရဲမီးထဲသို့ လုံးဝဝင်ရမည် မဟုတ်ပါ။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ဖဂျရ်နှင့် အစွရ်ဆွလာသ်နှစ်ခုကိုပုံမှန်မပြတ် ဝတ်ပြုသူသည် ငရဲမီးထဲသို့ လုံးဝဝင်ရမည် မဟုတ်ဟုမိန့်ကြားတော်မူခဲ့သည်။ ထိုဆွလာသ်နှစ်ခုကို အထူးဖော်ပြရခြင်းအကြောင်းမှာ၎င်းတို့သည် (စောင့်ထိန်းရန်) အလေးလံ(အခက်ခဲ)ဆုံး ဆွလာသ်များဖြစ်‌သော ကြောင့်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ဖဂျရ်ဆွလာသ်၏အချိန်သည် အိပ်ပျော်နေချိန်၊ အိပ်ခြင်း၏ချိုမြိန်နေချိန်တွင်ဖြစ်ပြီး အစွရ်ဆွလာသ်၏အချိန်သည် နေ့ဖက်အလုပ်ကိစ္စများ၊ကုန်သွယ်ရေးလုပ်ငန်းများနှင့် အလုပ်ရှုပ်နေချိန်တွင် ဖြစ်သောကြောင့်ဖြစ်သည်။ထို့ကြောင့် ဤအခက်ခဲဒုက္ခများရှိပါလျက် ထိုဆွလာသ်နှစ်ခုကိုစောင့်ထိန်းဝတ်ပြုနိုင်သူသည် အခြားဆွလာသ်များကိုလည်းစောင့်ထိန်းဝတ်ပြုနိုင်မည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/6215